**လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့်စည်းရုံးခွင့်ကို အကာအကွယ်ပေးခြင်းဆိုင်ရာပြဋ္ဌာန်းချက် - ၁၉၄၈ (အမှတ် ၈၇)**
အမြင်သဘောထား ၂၀၁၈/၈၉

**မြန်မာ** (အတည်ပြုလက်မှတ်ရေးထိုးခြင်း - ၁၉၅၅)

ဤကော်မတီသည် ၂၀၁၈ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (ITCU) ထံမှ လက်ခံရရှိခဲ့သော ၎င်း၏သဘောထား ထုတ်ပြန်ချက်ကို အလေးထား ဂရုပြုပါသည်။

***စံနှုန်းများကိုလက်တွေ့အသုံးချခြင်း (Application of Standards) အပေါ် ဤကော်မတီ၏မှတ်ချက်များနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲလေ့လာမှု။***
***(၁၀၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ၊ ၂၀၁၈ ခုနှစ် မေ - ဇွန်)***

ဤပြဋ္ဌာန်းချက်ကိုလက်တွေ့အသုံးချခြင်းနှင့်ပတ်သက်၍ စံနှုန်းများကိုအသုံးချခြင်းအပေါ် ညီလာခံကော်မတီတွင် ၂၀၁၈ခုနှစ် ဇွန်လ ၌ဆွေးနွေးခဲ့သည်များကို ဤကော်မတီက အလေးထား ဂရုပြုပါသည်။ ညီလာခံကော်မတီသည် ဤပြဋ္ဌာန်းချက်အရ အလုပ်သမားများနှင့်အလုပ်ရှင်များ လွတ်လပ်စွာခံစားနိုင်မည့် ယင်းတို့၏အခွင့်အရေးများပါဝင်သည့် ကြာမြင့်စွာကတည်းကစောင့်ဆိုင်းလျက်ရှိသောဥပဒေရေးရာမူဘောင်၏တိုးတက်မှုမရှိခြင်းအတွက် စိတ်မချမ်းမမြေ့ဖြစ်ရကြောင်း ကော်မတီကလေ့လာတွေ့ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရကိုလုပ်ဆောင်ရန်တိုက်တွန်းသည်များမှာ - (၁) ဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်အတွင်း၊ ILO ၏နည်းပညာအကူအညီများကိုကိုယ်တိုင်ရယူကာအလုပ်သမားအဖွဲ့အစည်းဥပဒေ(LOL) နှင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ တို့ကိုဤပြဋ္ဌာန်းချက်နှင့်အပြည့်အဝကိုက်ညီမှုရှိကြောင်း သေချာစေရန်။ (၂) အလုပ်သမားများသည် အကြမ်းဖက် ခြိမ်းခြောက်ခံရမှုမရှိပဲ ယင်းတို့၏ သမဂ္ဂလှုပ်ရှားမှုများကိုလုပ်ဆောင်နိုင်ကြောင်းသေချာစေရန် သို့မဟုတ် ယင်းတို့၏ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်အား ပြည်သူ့ရဲ သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးတပ်ဖွဲ့များက မချိုးဖောက်ကြောင်းသေချာစေရန်။ (၃) အလုပ်သမားနှင့်အလုပ်ရှင်အဖွဲ့အစည်းများမှတ်ပုံတင်ခြင်းသည်ကြောင်းကျိုးမဆီလျော်သောလိုအပ်ချက်များကို မနာခံရကြောင်းသေချာစေရန်နှင့် လက်တွေ့အားဖြင့် အလုပ်သမားများ၏ကိုယ်ပိုင်ရွေးချယ်မှုဖြစ်သော အဖွဲ့ဝင်ခွင့် သို့မဟုတ် အဖွဲ့အစည်းတည်ထောင်ခွင့် တို့ကိုအာမခံကြောင်းသေချာစေရန်။(၄) သမဂ္ဂကိုမှတ်ပုံတင်ရန်လျှောက်ထားမှုများကို သွက်လက် မြန်ဆန် ထိရောက်စွာ အရေးတယူဆောင်ရွက်ကြောင်းသေချာစေရန်နှင့် ဥပဒေတွင်သတ်မှတ်ထားသည့် ရှင်းလင်း၍ ဓမ္မဓိဋ္ဌာန် ကျသည့် စံများကိုပြည့်မီရန်ပျက်ကွက်ခြင်းမရှိပါ ယင်းလျှောက်ထားမှုများ ငြင်းပယ်မခံရကြောင်းသေချာစေရန်။ (၅) လူမှုရေးမိတ်ဖက်များနှင့်ပြည့်ဝစွာတိုင်ပင်ဆွေးနွေးပြီး၊ အထူးစီးပွားရေးဇုန်များ၌ အလုပ်သမားရေးရာဥပဒေပြဋ္ဌာန်းမှုကို ဤပြဋ္ဌာန်းချက်နှင့်ကိုက်ညီအောင်လုပ်ဆောင်ရန်တို့ဖြစ်သည်။ ညီလာခံကော်မတီက နိုင်ငံတော်အစိုးရသို့ ထပ်၍မေတ္တာရပ်ခံသေးသည်မှာနိုင်ငံတော်အစိုးရနှင့်တိုက်ရိုက်တွေ့မည့် အထူးတာဝန်ပေးထားသောကိုယ်စားလှယ်အဖွဲ့ကို လက်ခံရန်နှင့်အကြံပြုတိုက်တွန်းချက်များအပေါ်ဖြစ်ထွန်းတိုးတက်မှုကို ၂၀၁၈ခုနှစ်နိုဝင်ဘာလတွင်ပြုလုပ်မည့် ပညာရှင်များကော်မတီ (Committee of Experts)သို့အစီရင်ခံရန် တို့ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရနှင့်တိုက်ရိုက်တွေ့သည့်အထူးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁ မှ ၄ ရက်နေ့ထိ မြန်မာနိုင်ငံသို့သွားရောက်ခဲ့သည်ကို ဤကော်မတီက ဂရုပြုမိပါသည်၊ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ အလုပ်သမား အလုပ်ရှင်အဖွဲ့အစည်းများက အပြုသဘောဖြင့် အထူးတာဝန်အဖွဲ့နှင့်ပူးပေါင်းခဲ့ခြင်းကိုလည်း ကြိုဆိုပါသည်။ အထူးသဖြင့်၊ ဤကော်မတီက အထူးတာဝန်အဖွဲ့၏အစီရင်ခံစာပါ မှတ်ချက်များကို စိတ်ဝင်စားမှုဖြင့် ဂရုပြုမိပါသည်။

ယင်းမှာ အဖွဲ့များအားလုံးကတစ်ခဏအတွင်း အသင်းအပင်းများကိုလွတ်လပ်စွာဖွဲ့စည်းခြင်းအား အပြည့်အဝလေးစားလိုက်နာသည့်ရပ်ဝန်းတစ်ခုကိုတည်ဆောက်ရန်အတွက် အရေးကြီးသည့်သန္နိဋ္ဌာန်ကို အတိုင်းအတာတစ်ခုဖြင့် ပြသခဲ့ကြခြင်းဖြစ်သည်၊ယင်းရပ်ဝန်းသည် အသင်းအဖွဲ့များကိုလွတ်လပ်စွာဖွဲ့စည်းခွင့်ဥပဒေ အာဏာသက်ရောက်စဉ်ကတည်းက ပျောက်ကွယ်သွားခဲ့ရသည်။ ***ကော်မတီသည် ဤပြဋ္ဌာန်းချက်ကို အပြည့်အဝ လက်တွေ့အသုံးချခြင်းအတွက် အထောက်အကူ ပြုသောဝန်းကျင်ဖြစ်ထွန်းမှု ဆက်၍ရှိနေစေရန် တိုက်တွန်းအားပေးသည်။***

*အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်။* ဤကော်မတီသည် ၎င်း၏ယခင်မှတ်ချက်များ၌ အလုပ်သမားရေးရာဥပဒေပြုပြင်ပြောင်းမှု၏ ဖြစ်ထွန်းတိုးတက်မှုသတင်းအချက်အလက်များကိုတင်ပြပါရန် နိုင်ငံတော်အစိုးရအား မေတ္တာရပ်ခံခဲ့သည်ကို အမှတ်ရပါသည်။

*ပြဋ္ဌာန်းချက် အပိုဒ် ၂* ။ အလုပ်သမားအဖွဲ့အစည်းဥပဒေ (LOL) နှင့်ပတ်သက်၍၊ နိုင်ငံတော်အစိုးရသည် အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖိုရမ် (NTDF)၏လုပ်ငန်းမူဘောင်အတွင်း၌ အစပြုဆောင်ရွက်နေပြီဖြစ်ပြီး၊ ယင်းလုပ်ငန်းမူဘောင်၏အကြောင်းအချက်အတော်များများသည် ရုံး၏နည်းပညာအကူအညီနှင့်ကိုက်ညီမှုရှိကြောင်း နိုင်ငံတော်အစိုးရကဖော်ပြထားသည်ကို ဤကော်မတီက ဂရုပြုမိပါသည်။ ပြင်ဆင်ထားသည့်ဥပဒေကို အတွင်းထဲ၌ ပြန်လည်သုံးသပ်လျက်နေစဉ်၊ ဤကော်မတီ ယခင်ကမေတ္တာရပ်ခံခဲ့သည့်”အခြေခံအလုပ်သမားအဖွဲ့အစည်းကိုဖွဲ့ရန်အတွက်နောက်ထပ်၁၀%လိုအပ်မှု” ကိုပယ်ဖျက်ပေးရန်အဆိုပြုချက်အပါအဝင် အခြားအဆိုပြုထားသောအပြောင်းအလဲအရေအတွက်အချို့ကို နိုင်ငံတော်အစိုးရက ရည်ညွှန်းဖော်ပြထားသည်။ ထို့ပြင် နိုင်ငံတော်အစိုးရကဖော်ပြထားသော ယင်းဥပဒေအာဏာသက်ဝင်စဉ်မှစ၍ အခြေခံအလုပ်သမားအဖွဲ့အစည်းပေါင်း ၂,၇၆၁၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်းပေါင်း ၁၄၆၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလုပ်သမားအဖွဲ့အစည်းပေါင်း ၂၂၊ အလုပ်သမားအဖွဲ့ချုပ်ပေါင်း ၈ခုနှင့် နိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ၁ခု ကိုမှတ်ပုံတင်ပေးပြီးကြောင်းကိုလဲ ထပ်လောင်းဂရုပြုပါသည်။ နိုင်ငံတော်အစိုးရသည် အခြေခံအလုပ်ရှင်အဖွဲ့အစည်းပေါင်း ၂၆ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ် ၁ဖွဲ့ကို ဤဥပဒေအရဖွဲ့စည်းခဲ့ကြောင်း ရည်ညွှန်းဖော်ပြထားသည်။ အဖွဲ့အစည်းဖွဲ့လိုသည့်ဆန္ဒရှိသောအလုပ်သမားများရင်ဆိုင်ရသည့်အတားအဆီးများကို ပို၍နားလည်ရန်အတွက်အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှတာဝန်ရှိသူများသည် အခြေခံနှင့်မြို့နယ်အဆင့် အဖွဲ့အစည်းအတော်များများနှင့် နိုင်ငံတစ်ဝှန်း တိုင်ပင်အကြံပြုဆွေးနွေးမှုများလုပ်ခဲ့ကြသည်ကိုလည်း ဤကော်မတီက ဂရုပြုမှတ်သားပါသည်။ နိုင်ငံတော်အစိုးရကိုယ်တိုင်ကအသိအမှတ်ပြုသကဲ့သို့ ဤကော်မတီကလည်းအသိအမှတ်ပြုသည်မှာ နိုင်ငံ၏ပြည်သူများစွာတို့သည် ဗဟိုအာဏာပိုင်အဖွဲ့နှင့်အလှမ်းကွာဝေးသည့်မြို့နယ်နှင့်ခရိုင်များတို့တွင် ပျံ့နှံ့လျက်ရှိနေခြင်းဖြစ်သည်။ ထိုအရပ်များတွင် နိုင်ငံတော်၏ဥပဒေနှင့် သဘောတူလက်မှတ်ရေးထိုးထားသောအပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များကိုသိခြင်းသည် အကန့်အသတ်နှင့်သာရှိဟန်တူသည်။ ***နိုင်ငံတော်အစိုးရသည် အလုပ်သမားနှင့်အလုပ်ရှင်အားလုံး မည်သည့်ကွဲပြားမှုမျှမရှိပဲ ဥပဒေ၌သာမကပဲ လက်တွေ့တွင်ပါ ပြဋ္ဌာန်းချက်၌ပါရှိသည့်၎င်းတို့၏အခွင့်အရေးများကိုအပြည့်အဝအသုံးပြုနိုင်ရန်အတွက် ဝေးလံခေါင်သီသည့်အရပ်ဒေသရှိလူများကဲ့သို့သော ပြည်သူအများ ရင်ဆိုင်နေရသည့်အဓိကအခက်အခဲများကို စိတ်နလုံးအတွင်းမှတ်ကျုံကာ ယင်း၏ပိုင်နက်တစ်ခုလုံးအတွင်း အကြံပြုဆွေးနွေးမှုများပြုလုပ်ရန် ဤကော်မတီက အားပေးတိုက်တွန်းပါသည်။***

ဤကော်မတီက နောက်ထပ်မှတ်မိသေးသည်မှာ ဤဥပဒေ၏အခန်း ၄ တွင်သတ်မှတ်ထားသည့် တြိဂံပုံစံ ဖွဲ့တည်ပုံဖြင့်အဖွဲ့အစည်း ဖွဲ့စည်းခြင်း၏အကျိုးသက်ရောက်မှုအပေါ် ပြန်လည်သုံးသပ်သည့်ရလဒ်များကို အသိပေးရန်အတွက်

မေတ္တာရပ်ခံထားခြင်းဖြစ်ပါသည်။ ***အထူးကိုယ်စားလှယ်အဖွဲ့၏အစီရင်ခံစာမှ ဂရုပြုမိသည်မှာ ပြဋ္ဌာန်းထားသည့်ဖွဲ့တည်ပုံသည် အလုပ်သမား အလုပ်ရှင်အဖွဲ့အစည်းနှစ်မျိုးစလုံးကို အဖွဲ့အစည်း ဖွဲ့စည်းရန်အတွက် ပြဿနာတွေ့စေခြင်း ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားများနှင့်အလုပ်ရှင်များသည် လုပ်ငန်းကဏ္ဍအဆင့်၌ပါ၊ ဥပဒေအရရော လက်တွေ့အရပါ မိမိတို့ရွေးချယ်မှုအတိုင်း အဖွဲ့အစည်းများကိုဖွဲ့စည်းခွင့်၊ဝင်ခွင့်ရကြောင်းသေချာစေမည့်လိုအပ်သောအစီအမံများကို လုပ်ဆောင်ပါရန် ဤကော်မတီသည် နိုင်ငံတော်အစိုးရသို့မေတ္တာရပ်ခံခဲ့ပါသည်။ ထို့ပြင်၊ အဆိုပြုထားသည့်ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်သွင်းပြီးသည်နှင့် မိတ္တူပေးပို့ရန်လည်းမေတ္တာရပ်ခံထားပါသည်။***

ဤကော်မတီသည် ITUC လေ့လာချက်တွင်ပါရှိသည့်စွပ်စွဲချက်များကိုလည်း ဂရုပြုမိပါသည်။ယင်းမှာ ထင်မြင်ရာအကြောင်းပြချက်များဖြင့် သမဂ္ဂများ၏မှတ်ပုံတင်မှုများ ငြင်းပယ်ခံရခြင်းဖြစ်သည်။ယင်းအကြောင်းပြချက်တွင်ပါသည့်တောင်းဆိုမှုများတွင် အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ၏ကိုယ်ရေးရာဇဝင်များကိုတင်ခိုင်းခြင်း၊ သမဂ္ဂအဖွဲ့ဝင်အားလုံး၏ နိုင်ငံသားမှတ်ပုံတင်မိတ္တူများကိုတင်ခိုင်းခြင်း၊ သမဂ္ဂဖွဲ့စည်းမည်ဖြစ်ကြောင်းစက်ရုံကိုအသိပေးခြင်းအား သိရှိပါကြောင်း စက်ရုံထုတ်ပေးသည့်စာကိုတောင်းခံခြင်း တို့ဖြစ်သည်။ အထူးကိုယ်စားလှယ်အဖွဲ့အစီရင်ခံစာမှ ဤကော်မတီအနေဖြင့် ***စိတ်ဝင်စားမှုဖြင့်*** ဂရုပြုသေးသည်မှာ အဖွဲ့အစည်းကိုဖွဲ့စည်းသည့်အဖွဲ့ဝင်များ နိုင်ငံသားမှတ်ပုံတင်ရရှိရေးအတွက် ကူညီပေးနေသည့်တစ်ချိန်တည်းမှာပင်၊တွေ့ကြုံရသောအနှောင့်အယှက်များအပေါ် နိုင်ငံတစ်ဝှန်းတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်ဝန်ကြီးဌာနသည်မြို့နယ်အဆင့်၌ နောက်ဆက်တွဲလေ့လာမှုများပြုလုပ်ကာ အလုပ်သမားရေးရာ အရာရှိများအားဥပဒေအရ မလိုအပ်သောထိုသို့သောစာရွက်စာတမ်းများတောင်းခံမှုကိုရပ်ဆိုင်းရန် ညွှန်ကြားသည့် ညွှန်ကြားစာထုတ်ပြန်ပြီးခဲ့ခြင်းဖြစ်သည်။***ဤကော်မတီသည် ထိုသို့သောဆုံးဖြတ်ချက်များချမှတ်ရခြင်း ၏အကြောင်းပြချက်များနှင့် ထိုသို့ငြင်းပယ်ခံရသည့်အမှုများကိုပြန်လည်သုံးသပ်ခြင်း၊ အယူခံဝင်ခြင်းများတို့အတွက် လုပ်ထုံးလုပ်နည်းများ အပါအဝင်မှတ်ပုံတင်ရန်ငြင်းပယ်ခံရခြင်းနှင့်သက်ဆိုင်သောသတင်းအချက်အလက်များကိုပေးပါရန် နိုင်ငံတော်အစိုးရအား မေတ္တာရပ်ခံပါသည်။***

*အပိုဒ် ၃။* ဤကော်မတီသည် လုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုတွင် အနည်းဆုံး ၆လ လုပ်ဆောင်ရန်တာဝန်ရှိမှု (အချိန်ကာလ လိုအပ်မှုကိုမထည့်သွင်းသင့်ပါ။) နှင့် နိုင်ငံခြားသားအလုပ်သမားများသည် ၅နှစ် နေထိုင်ပြီးသူဖြစ်ရန်လိုအပ်မှု(ဤအချိန်ကာလကို ဆီလျော်သည့်အတိုင်းအတာ ဥပမာ ၃နှစ် သို့လျှော့ချသင့်ပါသည်။) တို့အပါအဝင်၊ အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများတွင် သတ်မှတ်ထားသော သမဂ္ဂရုံးနေရာ၏အရည်အချင်းပြည့်မီမှုတို့နှင့်သက်ဆိုင်သည့်၎င်း၏ယခင်ကသဘောထားမှတ်ချက်များကို အမှတ်ရပါသည်။ ဤကော်မတီသည် ITUC ကဖော်ပြသည့်အလေးထားစရာကိစ္စဖြစ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များသည်အသက် ၂၁နှစ် ရှိရမည်ဟူသည့် လိုအပ်ချက်ကိုထပ်လောင်းဂရုပြုမိပါသည်။ ***ဤကော်မတီက ၎င်း၏မျှော်လင့်ချက်ကို ထပ်၍ဖော်ပြသေးသည်မှာ၊ အလုပ်သမားများသည် မိမိတို့၏ခေါင်းဆောင်ကို မိမိတို့လွတ်လပ်စွာရွေးချယ်ခွင့် ရှိကြောင်းသေချာစေရေးအတွက် နိုင်ငံတော်အစိုးရသည် လူမှုရေးမိတ်ဖက်များနှင့်တိုင်ပင်ဆွေးနွေးကာ ဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏လုပ်ငန်းမှုဘောင် အတွင်း၌ ဤလိုအပ်မှုများကိုပြန်လည်သုံးသပ်ရန်ဖြစ်ပါသည်။ ထို့ပြင် စည်းမျဉ်း ၅ ကိုပြင်ဆင်ရန်အတွက် လိုအပ်သည့်လုပ်ဆောင်ရမည့်အရာများအားဖော်ပြပေးပါရန် ဤကော်မတီသည် နိုင်ငံတော်အစိုးရအား မေတ္တာရပ်ခံပါသည်။***

***ထို့ပြင်၊ LOL၏ ပုဒ်မ၄၀(ခ)အရ၊ သပိတ်မှောက်ရန်အတွက် သက်ဆိုင်ရာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်၏ခွင့်ပြုချက်ကိုရယူရမည်ဟူသည့်လိုအပ်ချက်နှင့်စပ်လျဉ်း၍ဤကော်မတီသည် ယခင်ကပေးထားသော၎င်း၏မှတ်ချက်ကို အမှတ်ရလျက်၊ နိုင်ငံတော်အစိုးရအား အလုပ်သမားဥပဒေများကိုပြန်လည်သုံးသပ်သည့်လုပ်ငန်းမှုဘောင်အတွင်း၌ ဤပြဋ္ဌာန်းချက်ကိုပြင်ဆင်သည့်တိုးတက်ဖြစ်ထွန်းမှုကို အသိပေးပါရန် မေတ္တာရပ်ခံသည်။***

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်ထားသည့်ဥပဒေကြမ်းကိုလွှတ်တော်တွင်ဆွေးနွေးလျက်ရှိပြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၏သက်တမ်းကိုတိုးမြှင့်ရန်လိုအပ်ကြောင်းနှင့် ဥပဒေတွင်ပြဋ္ဌာန်းထားသောအရေးယူမှုများကိုမြန်မာ့ရေခံမြေခံနှင့်သင့်လျော်အောင်ပြင်ဆင်ခြင်းအတွက်ဆွေးနွေးနေကြကြောင်းကိုနိုင်ငံတော်အစိုးရကဖော်ပြထားသည်အားဤကော်မတီကသတိပြုမှတ်သားပါသည်။ ***အသင်းအဖွဲ့များအား လွတ်လပ်စွာဖွဲ့စည်းခွင့်အပေါ်ထိရောက်သောအကာအကွယ်ပေးမှုရှိကြောင်းသေချာအောင်လုပ်ထားစဉ်မှာပင်၊ ဥပဒေကိုသဘောတူလက်ခံလိုက်သည်နှင့်ထောင်ချအရေးယူမှုများကိုဖယ်ရှားပြီးသားဖြစ်လိမ့်မည်ဟုယုံကြည်လျက် ဤကော်မတီသည် နိုင်ငံတော်အစိုးရအား ပြင်ဆင်ထားသည့်ဥပဒေကြမ်းမိတ္တူကိုပို့ပေးပါရန် မေတ္တာရပ်ခံပါသည်။***

*နိုင်ငံသားလွတ်လပ်ခွင့်။* ဤကော်မတီသည် ၂၀၁၆ခုနှစ် အောက်တိုဘာလ ၄ရက် နေ့တွင်သဘောတူလက်ခံခဲ့သည့်ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်စီတန်းလှည့်လည်ခွင့်ဥပဒေသစ် ကိုဂရုပြုမှတ်သားပါသည်။ ကြားဝင်စွက်ဖက်မှုများမရှိပဲ မိမိတို့၏လှုပ်ရှားမှုများကိုလုပ်ဆောင်ရန် အဖွဲ့အစည်းများ၏အခွင့်အရေးအပေါ် နည်းဥပဒေ အခန်း (Chapter on Rules)နှင့်၎င်းနှင့်အပြိုင်ဖြစ်သော ပြစ်မှုနှင့်ပြစ်ဒဏ်အခန်း (Chapter on Offences and Penalties) များသည် ပြင်းထန်သောကန့်သတ်မှုများကိုပိုများလာစေနိုင်သည်ကိုလေ့လာတွေ့ရှိခြင်းကြောင့် ဤကော်မတီသည် နိုင်ငံတော်အစိုးရကို ဤဥပဒေကိုအသုံးချသောနည်းဟန် ပုံစံနှင့် ထုတ်ပြန်ခဲ့သောမည်သည့်အရေးယူမှုမျိုးတို့မဆိုအပေါ် သတင်းအချက်အလက်များပေးပါရန်မေတ္တာရပ်ခံပါသည်။ နိုင်ငံတော်အစိုးရကဖော်ပြထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အခွင့်အရေးများကိုမကန့်သတ်ပါ သို့မဟုတ် ဥပဒေဘောင်ကိုကျော်၍မည်သည့်အရေးယူမှုမျှမလုပ်ပါဟူသော အချက်ကိုသတိပြုမိပါသည်။ သို့သော်လည်း၊ ယင်းသို့သောဥပဒေချိုးဖောက်မှုများကိုပြစ်ဒဏ်ပေးရပါမည်။ နိုင်ငံသားတိုင်းသည်ပြည်သူများငြိမ်းချမ်းစွာရှိရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်တာဝန်ရှိကြောင်း နိုင်ငံတော်အစိုးရက ဖော်ပြထားပါသေးသည်။

ITUC ကဖော်ပြသောစိုးရိမ်မှုမှာ၊ ၂၀၁၈ခုနှစ် မတ်လ ၇ရက်နေ့တွင် အမျိုးသားလွှတ်တော်ကသဘောတူသည့် ဤဥပဒေပါပြင်ဆင်ချက်များအနက် အပိုဒ် ၁၈ ဖြစ်သည့် ကန့်ကွက်ဆန္ဒပြမှုကိုငွေကြေး သို့မဟုတ် ပစ္စည်းဖြင့်လည်းကောင်း သို့မဟုတ် အခြားသောနည်းလမ်းများဖြင့်လည်းကောင်း ပံ့ပိုးသူ မည်သူတစ်ဦးတစ်ယောက်ကိုမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူများ၏လုံခြုံမှု သို့မဟုတ် ပြည်သူ့ကျင့်ဝတ် များတို့ကိုချိုးဖောက်သူဟုမှတ်ယူကာ အများဆုံး ထောင်ဒဏ်သုံးနှစ်နှင့်ငွေဒဏ် ပြစ်ဒဏ်ချမှတ်ခံရမည်ဟူသည့်အချက်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဤပြဋ္ဌာန်းချက်ကိုအပြီးသတ်သဘောတူလက်မခံရသေးကြောင်း အထူးကိုယ်စားလှယ် အဖွဲ့၏အစီရင်ခံစာအရ၊ ဤကော်မတီက နားလည်ရပါသည်။ ***ဤကော်မတီက အလုပ်သမားများနှင့်အလုပ်ရှင်များသည် ၎င်းတို့၏လှုပ်ရှားမှုများကို ထောင်ဒဏ်၊ အကြမ်းဖက်မှု သို့မဟုတ် ၎င်းတို့၏နိုင်ငံသားလွတ်လပ်ခွင့်များကို ပြည်သူ့ရဲများ သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးသမားများ၏ချိုးဖောက်မှုများ မပါပဲ လုပ်ဆောင် ပံ့ပိုးနိုင်ကြောင်းသေချာစေခြင်းနှင့် အဆိုပြုထားသောပြင်ဆင်ချက် ထို့ပြင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခွင့်ဥပဒေအရ၊ အလုပ်သမား သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများအပေါ်ချမှတ်သည့်မည်သည့်ပြစ်မှုမဆိုနှင့်စပ်လျဉ်းသော နောက်ထပ်မည်သည့် တိုးတက်ဖြစ်ထွန်းမှုကိုမဆို အသိပေးပါရန် နိုင်ငံတော်အစိုးရသို့မေတ္တာရပ်ခံပါသည်။***

*အထူးစီးပွားရေးဇုန်များ (SEZs)။* ဤကော်မတီ၏ယခင်သဘောထားမှတ်ချက်များတွင် နိုင်ငံတော်အစိုးရအားမေတ္တာရပ်ခံသည်မှာ အထူးစီးပွားရေးဇုန်များဥပဒေသည် SEZsများ၌ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အလုပ်သမားရေးရာအငြင်းပွားမှုဥပဒေများကိုအသုံးပြုခြင်းနှင့်ကွဲလွဲဆန့်ကျင်မှုမရှိကြောင်းသေချာစေရေးအပါအဝင်၊ SEZs ရှိ

အလုပ်သမားများသည် ဤပြဋ္ဌာန်းချက်အရ ၎င်းတို့၏အခွင့်အရေးများကိုအပြည့်အဝရကြောင်း အာမခံသည့်လိုအပ်သော အစီအမံများကိုလုပ်ဆောင်ရန်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသို့ထပ်လောင်းမေတ္တာရပ်ခံသေးသည်မှာ အလုပ်သမားရေးရာစစ်ဆေးရေးမှူးများ၏စစ်ဆေးမှုအကြိမ်အရေအတွက်၊ စစ်ဆေးတွေ့ရှိသည့်မည်သည့်ချိုးဖောက်မှုမဆိုနှင့်ချမှတ်သော ပြစ်မှုများ၏သဘောသဘာဝနှင့်အကြိမ်အရေအတွက်အပါအဝင်၊ SEZs များတွင်ဖြစ်သည့်အငြင်းပွားမှုများကို ဖြေရှင်းပုံ ဖြေရှင်းနည်းအသေးစိတ်ကိုတင်ပြရန်လည်းကောင်း၊SEZsများ၌အလုပ်သမားရေးရာစစ်ဆေးမှုများနှင့်စပ်ဆိုင်သောစာရင်း အင်းအချက်အလက်များကိုပေးရန်လည်းကောင်း ဖြစ်သည်။

ဤကော်မတီသည် နိုင်ငံတော်အစိုးရကဖော်ပြသည့် အငြင်းပွားမှုများကိုဖြေရှင်းခြင်းအပါအဝင် အလုပ်သမားရေးရာကိစ္စများ၌MoLIPနှင့်သီလဝါအထူးစီးပွားရေးဇုန်၏စီမံခန့်ခွဲမှုကော်မတီ၏ပူးပေါင်းဆောင်ရွက်မှုကို ဂရုပြုပါသည်။ ဝန်ဆောင်မှုမျိုးစုံပေးရာဌာန (The One-stop Service Centre – OSSC)ရှိ အလုပ်သမားရေးရာဌာနစိပ် သည် ကုမ္ပဏီတိုင်းထံမှလစဉ်အစီရင်ခံစာကောက်ခံပေးကာ၊ စက်ရုံများသည်၎င်းတို့၏ကတိကဝတ်များကို အကောင်အထည် ဖော်လျက်ရှိကြောင်းသေချာစေရေးအတွက် စစ်ဆေး ကြီးကြပ်လျက်ရှိပါသည်။ OSSC၏အလုပ်သမားရေးရာဌာနစိပ် ကအငြင်းပွားမှုများကိုဖြေရှင်းရာတွင် စေ့စပ်ညှိနှိုင်းသူ သို့မဟုတ် ဖျန်ဖြေသူအဖြစ် ဆောင်ရွက်ပြီး ၂၀၁၇ခုနှစ်တွင် အငြင်းပွားမှု ၂၄မှုနှင့် ဩဂုတ်လ ၂၀၁၆ခုနှစ်အထိ အမှုပေါင်း ၁၆မှု ဖြေရှင်းခဲ့ပါသည်။ ဤ ဌာနစိပ်သည် အလုပ်သမားရေးဥပဒေများအပေါ်ဆွေးနွေးသည့်သတင်းအချက်အလက်များကိုလည်း သိမ်းဆည်းပါသည်။ ထို့ပြင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှအရာရှိများသည် စက်ရုံများသို့လစဉ်သွားရောက်ကာ လူမှုသက်သာချောင်ချိရေးဥပဒေများကိုရှင်းပြပါသည်။၂၀၁၆ခုနှစ်တွင် အသင်းအပင်းများကိုဖွဲ့စည်းခွင့်အကြောင်း သီလဝါစက်မှုဇုန်၌ နီးနှောဖလှယ်ပွဲပြုလုပ်ဖို့ ILO ကိုဖိတ်ကြားပါသည်။ ထိုစဉ်အခါအတွင်း၊ စီမံခန့်ခွဲမှုကော်မတီ၏ဥက္ကဋ္ဌ သည် အလုပ်ရှင်နှင့်အလုပ်သမားများအတွက် အလုပ်သမားရေးလမ်းညွှန်များကိုအကြမ်းရေးဆွဲရာ၌ကူညီပံ့ပိုးရန် ILO ကို မေတ္တာရပ်ခံပါသည်။ SEZ စီမံခန့်ခွဲမှုကော်မတီသည် အဖွဲ့အစည်း ဖွဲ့စည်းခြင်း၊ ယင်းတို့၏ဖွဲ့စည်းပုံဥပဒေကိုရေးဆွဲခြင်း၊ ၎င်းတို့၏ကိုယ်စားလှယ်များကိုရွေးချယ်တင်မြှောက်ခြင်းနှင့် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီဆန္ဒထုတ်ဖော်ခြင်းများ တို့အတွက် အလုပ်သမားများနှင့်အလုပ်ရှင်များတို့ကဦးစီးသည့်လှုပ်ရှားမှုများအား မည်သည့်တားဆီးမှုကိုမျှပြုမည်မဟုတ်ကြောင်း နိုင်ငံတော်အစိုးရက အတည်ပြုပါသည်။

သို့ရာတွင် ဤကော်မတီသည် ITUC ကတင်ပြသည့် ပူပန်မှုများကိုလည်း ဂရုပြုမိပါသေးသည်။ ယင်းတို့မှာ၊ လူမှုရေးမိတ်ဖက်များနှင့်တိုင်ပင်ဆွေးနွေးမှုမရှိပဲ SEZ ဥပဒေ၌ အငြင်းပွားမှုဆုံးဖြတ်ချက်များကိုပြဋ္ဌာန်းခြင်း နှင့် SEZ စီမံခန့်ခွဲမှုကော်မတီကို အလုပ်သမားကိုယ်စားလှယ်များမပါပဲဖွဲ့စည်းခြင်းတို့ဖြစ်သည်။ ***ကော်မတီသည်နိုင်ငံတော်အစိုးရအားဤပူပန်မှုများအတွက် ပြန်ကြားပါရန်မေတ္တာရပ်ခံပါသည်။ နိုင်ငံတော်အစိုးရကILOကို ထပ်လောင်းမေတ္တာရပ်ခံသော ဤပြဋ္ဌာန်းချက်အောက်ရှိအခွင့်အရေးများဆိုင်ရာ အသိအမြင်မြှင့်တင်ပေးသောလှုပ်ရှားမှုများကို စက်မှုဇုန်များ၌ လုပ်ဆောင်ပေးရန်နှင့် အလုပ်သမားရေးလမ်းညွှန်ချက်များကိုဖော်ထုတ်ရေးဆွဲရာ၌ပံ့ပိုးကူညီရန် အချက်များကို အထူးကိုယ်စားလှယ်အဖွဲ့၏အစီရင်ခံစာမှ ဂရုပြုမှတ်သားရခြင်းကြောင့် ထိုပံ့ပိုးမှုများကိုမကြာမီပေးသွားမည်ဟု ဤကော်မတီက ယုံကြည်ပါသည်။ ထို့ပြင် ဤအကြောင်းအရာနှင့်ဆိုင်သော ဖြစ်ထွန်းတိုးတက်မှုကိုအသိပေးပါရန် နိုင်ငံတော်အစိုးရသို့ မေတ္တာရပ်ခံပါသည်။***